# Center for Diversity and National Harmony

## Daily News Letter



No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar



အတွဲ (၁)၊ အမှတ် (၂၇၆,၂၇၇) နေ့စွဲ။ ၈.၁၁.၂၀၁၅ (တနင်္ဂနွေနေ့), ၉.၁၁.၂၀၁၅ (တနင်္လာနေ့)


| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၉.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၄) p (5) စံတော်ချိန် အတွဲ (၃) အမှတ် (၉၂၉) p (1,4) The Messenger p (7) | ဦးသိန်းစိန် | **မဲဆန္ဒရှင်ပြည်သူများ၏ ဆုံးဖြတ်ချက်ကိုလက်ခံမည်ဟု နိုင်ငံတော်သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ မဲပေးစဉ်ပြောကြား** မဲဆန္ဒရှင်ပြည်သူများ၏ ဆုံးဖြတ်ချက်ကို လက်ခံမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ နိုဝင်ဘာ ၈ ရက်တွင် မဲထည့်စဉ် မီဒီယာကိုဖြေကြားသည်။ ပြည်သူအားကိုးသည့်ပါတီ အနိုင်ရမည်ဟု မျှော်မှန်းထားကြောင်း၊ ထို့ကြောင့် လက်မခံနိုင်စရာအကြောင်းမရှိဟု ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကပြောသည်။ ပါတီစုံ ဒီမိုကရေစီစနစ်ကို သွားနေသည့် အချိန်တွင် ရလာသည့်ရလဒ်အပေါ် ပါဝင်သူများက ပူးပေါင်းလုပ်ဆောင်ရန်လိုသည်ဟုဆိုသည်။ ထို့ပြင် ၁၉၉၀ ဖြစ်စဉ်မျိုး မဖြစ်နိုင်ဟုပြောကြားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာလွှဲပြောင်းရေးကို လုပ်ဆောင်သွားမည်ဟုဆိုသည်။ IRIS |
| ၂ | ၉.၁၁.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၉၂၉) p (3) The Messenger p (2) | သူရဦးရွှေမန်း | **မဲရလဒ်ကို လက်မခံစရာ အကြောင်းမရှိဟု သူရဦးရွှေမန်းပြော** မဲပေးပြီးနောက်တွင် ရလဒ်ပေါ်မူတည်၍ အတည်ပြုပြီးသည့်ချိန်တွင် တည်ငြိမ်အေးချမ်းမှုကို ရှိစေချင်ကြောင်းနှင့် ရရှိလာသည့်ရလဒ်ကို လက်မခံစရာအကြောင်းမရှိဟု သူရဦးရွှေမန်းက နိုဝင်ဘာ ၈ ရက်တွင်ပြောသည်။ သူရဦးရွှေမန်းသည် ကညွတ်ကွင်းမြို့ရှိ ကွင်းနောက် (၁) မဲရုံ အမှတ် (၂) အထသက (၂) တွင် နိုဝင်ဘာ ၈ ရက် နံနက် ၉ နာရီခန့်ကမဲပေးခဲ့သည်။ မဲပေးပြီးနောက်ပိုင်း မဲရလဒ်ပေါ်မူတည်ပြီး တည်ငြိမ်အေးချမ်းစေချင်ကြောင်း၊ ရလာသည့်မဲအပေါ် ယုံကြည်မှုနှင့်ပတ်သက်၍ အားလုံးပိုင်းဝန်းကာ စနစ်တကျ ဆောင်ရွက်သည်ဆိုသည့် ကိစ္စလည်းရှိကြောင်း ရလာသည့်ရလဒ်ကိုလည်း လက်မခံနိုင်စရာမရှိကြောင်းဆိုသည်။ ဇော်နီ |

| | | | | |
|---|---|---|---|---|
| ၃ | ၈.၁၁.၁၅ | Daily Eleven Pg (23) | ဒေါ်အောင်ဆန်း စုကြည် | **ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပုတ်ခတ်ရေးသားထားသော စာရွက်၊ ဓာတ်ပုံများ မန်းတွင်ပျံ့နှံ့**<br>ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်အား ပုတ်ခတ်ရေးသားထားသော စာရွက်များနှင့်ဓာတ်ပုံများ မန္တလေးမြို့ နေရာအနှံ့တွင် နိုဝင်ဘာ ၇ ရက်နေ့က ဖြန့်ကြဲမှုဖြစ်ပွားခဲ့ကြောင်းသိရသည်။ အမရပူရမြို့နယ် မှန်တန်း၊ ဈေးချို၊ ဆင်စွယ်ပွတ်၊ အိုးတော်၊ တောင်ကြီး၊ ငယ်တိုး၊ ရွှေကြက်ယက် စသည့်ရပ်ကွက်နှင့် ကျေးရွာများတစ်လျှောက်တွင် အဖေကိုဗန်းပြပြီး လုပ်စားခဲ့သူ၊ အမွေဆိုင်အိမ်ကို အပိုင်စီးသူ၊ ကုလားကို ကုလားဟု ခေါ်ခွင့်ပိတ်ပင်ခဲ့သူ၊ ကုလားနှင့် ဖင်ဆော့ပြီး မျိုးဆက်ဖျက်ခဲ့သူ စသဖြင့် ရေးသားထားသည့် စာရွက်များအား မနက် ၇ နာရီခန့်တွင် ဖြန့်ကြဲခဲ့သည်ဟုဆိုသည်။ ကြိုတင်မဲများဖြင့် အလုပ်ရှုပ်နေချိန် ယင်းသို့ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ တရားခံကို မသိရှိကြောင်းနှင့် သက်ဆိုင်ရာ ရဲစခန်းတွင် တိုင်ကြားထားသည်ဟု အမရပူရမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာဇော်မြင့်မောင်က ပြောကြားသည်။ |
| ၄ | ၈.၁၁.၁၅ | စံတော်ချိန် အတွဲ(၃) အမှတ် (၉၂၈) Pg (1, 2) | ဒေါ်အောင်ဆန်း စုကြည် | **သမ္မတအထက်မည်သူမျှမရှိရဟု ဒေါ်စုကို ဦးဌေးဦးတုံ့ပြန် တပ်မတော်အနေဖြင့် သမ္မတကိုသာသစ္စာခံမည်ဟု သတိပေး**<br>အထွေထွေရွေးကောက်ပွဲ၌ NLD ပြတ်ပြတ်သားသား အနိုင်ရပါက မိမိအနေဖြင့် သမ္မတ၏အထက်တွင် ရပ်တည်မည်ဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိဟု ကြံ့ခိုင်ရေးပါတီ ဥက္ကဋ္ဌ ဦးဌေးဦးက တုံ့ပြန်ပြောကြားလိုက်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအရ သမ္မတတစ်ဦးသည် နိုင်ငံတော်၏ အဆင့်မြင့်ဆုံးအကြီးအကဲဖြစ်ပြီး သမ္မတအထက်တွင် မည်သူမျှမရှိရဟူသောအချက်မှာ ထင်ရှားကြောင်း၊ သမ္မတရာထူးခန့်အပ်ခြင်း၊ သမ္မတကို ညွှန်ကြားခြင်းများသည် ဖွဲ့စည်းပုံဥပဒေကို ချိုးဖောက်ရာရောက်လိမ့်မည်ဖြစ်ကြောင်း ဦးဌေးဦးက နိုဝင်ဘာ ၅ ရက်က ဂျပန်နိုင်ငံ နစ်ကိုင်းအေးရှားရီဗျူး စီးပွားရေးဂျာနယ်နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တပ်မတော်အနေဖြင့် သမ္မတ၏ လမ်းညွှန်ချက်ကိုသာ နာခံမည်ဖြစ်ပြီး ကိုယ်စားပြုခေါင်းဆောင်တစ်ဦး၏ ညွှန်ကြားချက်ကို လိုက်နာလိမ့်မည်မဟုတ်ကြောင်းလည်း ဦးဌေးဦးက ပြောသည်။ |
| ၅ | ၈.၁၁.၁၅ | The Voice Daily Vol.3 No. 183 Pg (2) | Election | **ရွေးကောက်ပွဲကျင်းပရန် နာရီပိုင်းအလိုတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ လမ်းမတွင် ပြန့်ကျဲ**<br>မန္တလေးနန်းတွင်း အရှေ့ပေါက်ရှိ ၆၆ လမ်းနှင့် ၁၉ လမ်းထောင့်မီးပွိုင့်တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ပြန့်ကျဲနေသည်ကို တွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၇ ရက်နေ့ ညနေ ၃ နာရီခန့်က NLD ပါတီအောင်မြေသာစည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် |

| | | | | |
|---|---|---|---|---|
| | | | | ကိုယ်စားလှယ် ဒေါက်တာညီမင်းဟန်က ပြောကြားသည်။ သတင်းပေးချက်အရ သွားရောက်ကြည့်ရှုရာ သက်သေခံလက်မှတ် ၂၂ စောင်ခန့် တွေ့ရှိခဲ့ရကြောင်း၊ လက်မှတ်ပေါ်တွင် မဲဆန္ဒရှင်အမည် မပါဝင်သေးဘဲ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲ၏ လက်မှတ်ရေးထိုးထားပြီး ကော်မရှင်တံဆိပ်တုံးရိုက်နှိပ်ထားသည်ဟု ၎င်းကပြောသည်။ ယင်းနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြသွားမည်ဖြစ်ပြီး ဥပဒေအရ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အောင်မြေသာစံမြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိန်ဝင်းကပြောသည်။ |
| ၆ | ၉.၁၁.၁၅ | စံတော်ချိန်<br>အတွဲ (၃)<br>အမှတ် (၉၂၉)<br>p (3) | Election | **ရခိုင်ပြည်နယ်တွင် ရခိုင်အမျိုးသားပါတီ အသာရနေသော်လည်း မဲရလဒ်မှာ မတိမ်းမယိမ်း အနေအထားတွင်ရှိ**<br>နိုဝင်ဘာ ၈ ရက်တွင် ကျင်းပသော ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်အတွင်းရှိ မဲဆန္ဒနယ်အများစုတွင် ရခိုင်အမျိုးသားပါတီက အသာစီးရနေသော်လည်း အင်အားကြီးပါတီများအကြား မဲရရှိမှု အနေအထားမှာ မတိမ်းမယိမ်းသာဖြစ်ကြောင်း သိရသည်။ ANPက ဆန္ဒမဲများ အသာရလျက်ရှိသော်လည်း အချို့ မြို့နယ်တွင် NLD နှင့် USDP တို့က အသာရလျက်ရှိပြီး ကျန်နိုင်ငံရေးပါတီများမှာ ဆန္ဒမဲ ရရှိမှု နည်းပါးသည်။ မောင်တောနှင့် ဘူးသီးတောင်မြို့များတွင် ရခိုင်အမျိုးသားပါတီနှင့် ပြည်ခိုင်ဖြိုးပါတီတို့ အပြိုင်အဆိုင်ဖြစ်နေပြီး NLD ပါတီမှာ နည်းပါးကြောင်း သွားရောက်လေ့လာသည့် ဦးအောင်ကိုကပြောသည်.<br>Rakhine News Agency |
| ၇ | ၉.၁၁.၁၅ | စံတော်ချိန်<br>အတွဲ (၃)<br>အမှတ် (၉၂၉)<br>p (3) | Election | **NLD ပါတီ အနိုင်ရစာရင်းကြေညာ**<br>၂၀၁၅ ရွေးကောက်ပွဲတွင် NLD ပါတီသည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဦးသန့်စင်ထွန်း (ပြည်သူ့လွှတ်တော်)၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ဦးမြင့်လွင် (ပြည်သူ့လွှတ်တော်)၊ ပုဇွန်တောင်မြို့နယ် ဦးတင့်လွင် (တိုင်းဒေသကြီး-၂)၊ ပုဇွန်တောင်မြို့နယ် ဦးခင်မောင်ဝင်း (တိုင်းဒေသကြီး-၁)၊ လသာမြို့နယ် ဒေါ်ခင်မို့မို့ဝင်း (ပြည်သူ့လွှတ် တော်)၊ သဃ်န်းကျွန်းမြို့နယ် ဦးရွှေလဝင်း (ပြည်သူ့လွှတ်တော်)၊ ဆိပ်ကြီးခနောင်တိုမြို့နယ် (တိုင်းဒေသကြီး-၁)၊ ဒေါ်စန္ဒာမင်း၊ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) အမှတ် (၂) ဦးဖငမင်းထွေး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ဦးစိုးပိုင်ဌေး (ပြည်သူ့လွှတ်တော်) တို့ အနိုင်ရရှိခဲ့သည်။<br>ရန်ကုန် |

| | | | | |
|---|---|---|---|---|
| ၈ | ၉.၁၁.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၉၂၉) p (3) | Election | **တွံတေးတွင် NLD ပါတီအနိုင်ရ**<br>ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် NLD ပါတီက နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ပြည်သူ့လွှတ်တော်တွင် NLD ပါတီမှ ဦးမြင့်လွင်၊ တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁) တွင် ဒေါက်တာကျော်ဇင်ဦး၊ တိုင်းဒေသကြီး အမှတ် (၂) တွင် ဦးနေနိုင်ဦးတို့ အနိုင်ရရှိခဲ့သည်။<br>ရန်ကုန် |
| ၉ | ၉.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၄) p (5) | Election | **ရွေးကောက်ပွဲရလဒ်ကို နိုဝင်ဘာ ၉ ရက် (ယနေ့) ညနေ ၃ နာရီမှ စတင်ကြေညာမည်**<br>နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲ မဲဆန္ဒရလဒ်များကို နိုဝင်ဘာ ၉ ရက်မှ စတင်ကြေညာမည်ဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည်။ ရလဒ်ထုတ်ပြန်မည့် မီဒီယာစင်တာဖွင့်ပွဲ အခမ်းအနားကို နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရုံးအမှတ် ၂၂ တွင် ညနေ ၃ နာရီချိန်တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ သတင်းစာရှင်းလင်းပွဲကိုလည်းပြုလုပ်မည်ဖြစ်သည်။ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၉၂ ပါတီမှ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ် ၃၀၀ ကျော် စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်ပေါင်း ၆၀၀၀ ကျော် အရွေးချယ်ခံခဲ့သည်။<br>MN |
| ၁၀ | ၉.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၄) p (9) | Election | **မင်္ဂလာဒုံမြို့နယ်တွင် ကြိုတင်မဲ ၃၀၀ ကျော် အချိန်နောက်ကျ၍ ပယ်မဲဖြစ်**<br>ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ သတ်မှတ်ထားသော ကြိုတင်မဲများမှ မဲရုံသို့ရောက်ရှိရမည့် သတ်မှတ်ချိန်ထက်နောက်ကျမှ ရောက်လာသောကြောင့် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာမှ ကြိုတင်မဲ ၃၀၀ ကျော်ကို ပယ်မဲအဖြစ် သတ်မှတ်လိုက်ကြောင်း မင်္ဂလာဒုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။ ပျဉ်းမပင်ကျေးရွာ ရှိ မဲရုံ အမှတ် ၃၊ ၄၊ ၅၊ ၆ မဲရုံ လေးရုံသို့ရောက်ရှိလာသော ကြိုတင်မဲများမှာ သတ်မှတ်ထားသော အချိန်ထက် နှစ်နာရီခန့် နောက်ကျပြီးမှ ရောက်ရှိလာခြင်းဖြစ်သည်။ လက်ရှိပယ်မဲအဖြစ် သတ်မှတ်ထားသော ကြိုတင်မဲများမှာ အမှတ် ၃ မဲရုံမှ ၁၇၆ မဲ၊ အမှတ် ၄ မဲရုံတွင် ၃၀ မဲ၊ အမှတ် ၅ မဲရုံတွင် ၇၀ မဲနှင့် အမှတ် ၆ မဲရုံတွင် ၂၇ မဲရှိကြောင်း သိရသည်။ ပျဉ်းမပင် ကျေးရွာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ခိုင်ဖြိုးပါတီ၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသစ်၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီနှင့် အမျိုးသားတိုးတက်ရေးပါတီ စသည့်ပါတီများ ယှဉ်ပြိုင်သည်။<br>လဝန်း |

| | | | | |
|---|---|---|---|---|
| ၁၁ | ၉.၁၁.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၄) p (11) | Election | **ကျောက်ဖြူ ဒုက္ခသည် စခန်းမှ ဘင်္ဂါလီ ၁၀၀ ကျော် ဆန္ဒမဲပေး**<br>နိုဝင်ဘာ ၈ ရက်တွင်ပြုလုပ်သော ရွေးကောက်ပွဲတွင် ကျောက်ဖြူမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ကျောက်တစ်လုံး ဒုက္ခသည်စခန်းတွင် နေထိုင်သည့် ကျောက်ဖြူမဲဆန္ဒနယ်မှ ဆန္ဒမဲပေးခွင့်ရှိသည့် ဘင်္ဂါလီလူမျိုး တစ်ရာကျော်သည် ဂုံးချိန်ကျေးရွာအုပ်စု မဲရုံအမှတ် (၅) တွင် ဆန္ဒမဲပေးခဲ့သည်။ ဘင်္ဂါလီ ဒုက္ခသည်စခန်းတွင် လူဦးရေ ၁၂၆၄ ဦးနေထိုင်ပြီး၊ ဆန္ဒမဲပေးခွင့်ရှိသူ ၁၁၅ ဦးရှိကာ ကျား ၅၇ ဦး၊ မ ၅၈ ဦးဖြစ်သည်။<br>Rakhine News Agency |
| ၁၂ | ၉.၁၁.၁၅ | 7 Day Daily No (912) p (2)<br>ပြည်မြန်မာ အတွဲ (၃) အမှတ် (၄၄) p (1,3,4) | Election | **မဲဆန္ဒနယ်များတွင် ဒီချုပ် ဦးဆောင်နေ**<br>သူရဦးရွှေမန်း ယှဉ်ပြိုင်သည့် ဖြူးမြို့နယ်တွင် မဲရုံ ၂၂၁ ရုံရှိသည့်အနက် မဲရုံပေါင်း ၈၀မှ မဲရလဒ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် ပါတီမှ ပြည်ခိုင်ဖြိုးထက် မဲပေါင်း တစ်သောင်းပိုနေသည်။ ဒုတိယ သမ္မတဦးညဏ်ထွန်းနှင့် ပဲခူးတိုင်းဝန်ကြီးချုပ် ဦးညဏ်ဝင်း တို့ယှဉ်ပြိုင်သည့် ဇီးကုန်းမြို့နယ်တွင် မဲရုံပေါင်း ၅၁ ရုံ ရှိသည့် အနက် မဲရုံတစ်ရုံတွင်သာ အမျိုးသားဒီမိုကရေစီမှ အနိုင်ရထား ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်မဲပေးခဲ့ပြီး တစ်သီး ပုဂ္ဂလ ကိုယ်စားလှယ်လောင်း ဒေါ်ညိုညိုသင်းယှဉ်ပြိုင်သည့် ဗဟန်းမဲဆန္ဒနယ်တွင် မဲရုံ ၆၅ ရုံ အနက် ၆၃ ရုံတွင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီက လွှတ်တော်သုံးရပ်စလုံး အနိုင်ရရှိ ကြောင်း၊ ဒေါ်ဇင်မာအောင် ယှဉ်ပြိုင်သည့် ရန်ကင်းမဲဆန္ဒနယ်တွင် မဲရုံ ၅၃ ရုံမှ ၅၁ ရုံတွင်လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် တွင် မဲရုံ ၂၃၈ ရုံ အနက် ၆၉ ရုံတွင်လည်းကောင်း၊ ကျောက်တံ တားမြို့နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ် တော် ကိုယ်စားလှယ်လောင်း ဦးနေမျိုးထက်သည် မဲရလဒ်ပေါင်း ၁၂၄၅၀ ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော် အမတ်လောင်း ဦးဘမျိုးသိန်းသည် ၁၂၄၀၃ မဲဖြင့်လည်းကောင်း၊ တိုက်ကြီးမြို့နယ် NLD ပါတီမှ လွှတ်တော် သုံးရပ်တွင် ၈၅ ရာခိုင်နှုန်း အနိုင်ရသော် လည်း ကြိုတင်မဲ သုံးပုံးကြောင့် ကော်မရှင်နှင့် ငြင်းခုံနေကြောင်း ကြိုတင်မဲပုံး ၃ ပုံးတွင် မဲလက်မှတ် ငါးရာခန့် ပါဝင်ပြီး NLD ပါတီ အတွက် မဲမှာ ၁၄ မဲ ပါဝင်ကြောင်း၊ ပုဇွန်တောင်မြို့နယ်တွင် မဲရုံ ၂၆ ရုံ စလုံးတွင် NLD မှ အပြတ်အသတ်အနိုင်ရရှိထားကြောင်း၊ အလုံမြို့နယ်တွင် အမျိုးသားဒီမိုကရေစီမှ ပြည်သူ့လွှတ်တော် ၁၈၉၀၈ မဲ၊ ကရင်တိုင်းရင်းသားနေရာအတွက် ၂၅၆ မဲနှင့် ရခိုင် တိုင်းရင်းသားအတွက် ၁၁ မဲရရှိထားကြောင်း၊ လှိုင်မြို့နယ်တွင် မဲရုံပေါင်း ၈၅ ရုံတွင် NLD မှ ၇၅ ရာခိုင်နှုန်း၊ ကမာရွတ်မြို့နယ်ရှိ မဲရုံပေါင်း ၃၅ ရုံတွင် NLD ကိုယ်စားလှယ် လောင်း ၇၅ ရာခိုင်နှုန်း၊ ကမာရွတ်မြို့နယ် မဲရုံပေါင်း ၃၅ ရုံ၏ ၈၀ ရာခိုင်နှုန်းကို NLD |

| | | | | |
|---|---|---|---|---|
| | | | | ပါတီမှလည်းကောင်း၊ ကျောက်တန်းမြို့နယ်တွင် ကျောက်တန်းရှိ ကျေးရွာများ ၄၀ တွင် NLD မှ အနိုင်ရရှိနေပြီး ကျေးရွာ ၈၀ ခန့်မှ အစွန်အဖျားရှိ ကျေးရွာအချို့တွင်သာ ဒီချုပ်မှ ရှုံးနိမ့်နေကြောင်း၊ ဒလမြို့နယ်တွင် ဒီချုပ်ပါတီမှ ၈၀ ရာခိုင်နှုန်း အနိုင်ရရှိထား ကြောင်း၊ သန်လျင်မြို့နယ်တွင် မဲရုံပေါင်း ၂၃၃ ရုံ တွင် ဒီချုပ်မှ အနိုင်ရှိနေကြောင်း၊ ကော့မှူးမြို့နယ်တွင် ဒီချုပ်မှ ပြည်ခိုင်ဖြိုး ပါတီအား မဲလေးဆဖြင့် အနိုင်ရရှိသော်လည်း မဆယ်ဆိပ်ကျေး ရွာအုပ်စုတွင် ဒေါ်အောင်ဆန်းစုကြည်၏ တိုင်းဒေသကြီး လွှတ် တော်ကိုယ်စားလှယ် သုံးရပ်စလုံး ရှုံးနိမ့်နေကြောင်း၊ သဃ်န်းကျွန်း မြို့နယ်တွင် မဲရုံ ၁၂၀ ရှိရာ ၁၂၀ လုံးတွင် ဒီချုပ်မှ အနိုင်ရရှိနေ ကြောင်း၊ ဆိပ်ကြီးခနောင်တိုတွင်လည်း ဒီချုပ်မှ ဦးဆောင်နေ ကြောင်း၊ ရွှေပြည်သာမြို့နယ်တွင် NLD က ၆၅၉၀၅၊ ပြည်ခိုင်ဖြိုးမှ ၁၄၃၈၈၊ အမျိုးသားလွှတ်တော် နေရာအတွက် NLD က ၅၈၅၉၀၊ တိုင်းဒေသကြီး လွှတ်တော်နေရာအတွက် NLD က ၂၃၈၁၄၊ ပြည်ခိုင်ဖြိုးက ၆၃၁၂၊ တိုင်းဒေသကြီးလွှတ်တော် (၂) အတွက် NLD က ၂၈၇၇၆၊ ပြည်ခိုင်ဖြိုးက ၆၄၈၃ ဖြင့်လည်းကောင်း၊ ကျောက်ပန်းတောင်းတွင် မဲရုံ ၃၈၀ ရှိရာ မဲရုံ ၂၅ ရုံတွင် ဒီချုပ် ရှုံးနိမ့်နေသည်။ ရှားတောမြို့နယ်တွင် သမ္မတရုံးဝန်ကြီး ဦးအောင် မင်းက မဲ ၆၀၀ ဖြင့် အနိုင်ရရှိနေကြောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း တွင် NLD မှ ၈၀ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိပြီး လသာ မြို့နယ်တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး လွှတ်တော်တို့တွင် NLD မှ အပြတ်အသတ် အနိုင်ရရှိခဲ့ကြောင်း ရွေးကောက်ပွဲ ကော်မရှင်မှ ထုတ်ပြန်ခြင်း မရှိသေးသော်လည်း ပါတီ အောင်နိုင်ရေးအဖွဲ့ဝင်များ မဲရုံကိုယ်စားလှယ်များမှ အချက် အလက်များ ဖြစ်သည်။ |
| ၁၃ | ၉.၁၁.၁၅ | 7 Day Daily No (912) p (3) | Election | **နေပြည်တော်တွင် ပြည်ခိုင်ဖြိုးနှင့် ဒီချုပ် အကြိတ်အနယ်ယှဉ်ပြိုင် နေ** နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲတွင် နေပြည်တော်ကောင်စီ ရှစ်မြို့နယ်တွင် ယှဉ်ပြိုင်သည့် နိုင်ငံရေး ပါတီများအနက် ပါတီကြီးနှစ်ခုဖြစ်သည့် အမျိုးသားဒီမိုကရေစီနှင့် ပြည်ခိုင်ဖြိုးပါတီတို့ အကြိတ်အနယ်ယှဉ်ပြိုင်နေသည်။ ဇေယျာသီ ရိမြို့နယ်တွင် မဲရုံ ၇၀ ကျော်အနက် ၃၀ ကျော်တွင် NLD က အနိုင် ရထားသော်လည်း တပ်တွင်းမဲရုံများတွင် မဲနှစ်သောင်းကျော် ရရှိ ထားကြောင်း၊ အစိုးရဝန်ထမ်း အများစုနေထိုင်သည့် ဇမ္ဗူသီရိမြို့ နယ်တွင် မဲရုံ ၃၃ ရုံ ရှိသည့်အနက် ၁၂ ရုံတွင် အနိုင်ရရှိထားသည်။ သမ္မတ ဦးသိန်းစိန် မဲပေးသွားသည့် အမှတ် (၁) မဲရုံတွင် ပြည်သူ့ လွှတ်တော်တွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒီချုပ်ပါတီမှ ဦးဖြိုးဇေယျာသောက ၅၇၀ မဲနှင့် လေတပ်ကာကွယ်ရေးဦးစီးချုပ် |

| | | | | |
|---|---|---|---|---|
| | | | | ဟောင်း ပြည်ခိုင်ဖြိုးပါတီ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမြတ်ဟိန်းက ၁၀၃၁ မဲရရှိထားသည်။ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်တွင် ပြည်ခိုင်ဖြိုးကိုယ်စားလှယ်လောင်း ဦးမှတ်ကြီးက မဲ ၉၃၀ ရရှိထားပြီး ဒီချုပ် ကိုယ်စားလှယ်လောင်း ဦးကျော်မင်းဦးက ၅၉၆ မဲ ရရှထားသည်။ ပျဉ်းအနားတွင် မဲရုံ ၉၃ ရုံရှိရာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် ဒီချုပ်ကိုယ်စားလှယ်လောင်း ဦးသန်းစိုးအောင်သည် ၁၇၁၇၉ မဲဖြင့် ဦးဆောင်နေပြီး ပြည်ခိုင်ဖြိုးပါတီ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါ်ဝင်းဝင်းသီသည် ၅၅၄၅ ရရှိထားကြောင်း သိရသည်။<br>နေပြည်တော် |
| ၁၃ | ၉.၁၁.၁၅ | စံတော်ချိန် အတွဲ (၃) အမှတ် (၉၂၉) p (1,2) | Election | **NLD ကိုယ်စားလှယ်လောင်းများ ကျောက်တံတားတွင် အပြတ်အသတ် အနိုင်ရရှိ**<br>ကျောက်တံတားမြို့နယ် အမှတ် (၉) ရပ်ကွက် မဲရုံ အမှတ် (၂) တွင် တိုင်းဒေသကြီးလွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်အသီးသီးတွင် မဲအရေအတွက် ၄၀၀ ကျော်ဖြင့် NLD ပါတီက အနိုင်ရရှိခဲ့သည်။ တိုင်းဒေသကြီး လွှတ်တော်တွင် ပယ်မဲမရှိဘဲ NLD ပါတီမှ ကိုယ်စားလှယ်လောင်း ဒေါ်ကြည်ပြာက ကြိုတင်မဲ ၂၀ အပါအဝင် ၄၄၉ မဲဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်တွင် NLD ပါတီမှ ကိုယ်စားလှယ်လောင်း ဦးဘမျိုးသိန်းက ပယ်မဲတစ်မဲနှင့် ကြိုတင်မဲ ၂၀ အပါအဝင် ၄၄၅ မဲဖြင့်လည်းကောင်း၊ ဦးဘမျိုးသိန်းက ပယ်မဲတစ်မဲနှင့် ကြိုတင်မဲ ၂၀ အပါအဝင် ၄၄၅ မဲဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်တွင် NLD ကိုယ်စားလှယ်လောင်း ဦးနေမျိုးထက်က ပယ်မဲလေးမဲနှင့် ကြိုတင်မဲ ၂၀ အပါအဝင် ၄၄၉ မဲဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယ မဲအများဆုံးအဖြစ် ပြည်ခိုင်ဖြိုးပါတီမှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမျိုးသိန်း (ခ) မြသိန်း က မဲ ၄၀ ဖြင့် လည်းကောင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ဦးမြင့်အောင်က ၄၁ မဲဖြင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစိုးဝင်းက ၃၈ မဲဖြင့်လည်းကောင်း ရပ်တည်ခဲ့သည်။<br>မေစနိုး၊ နဒီ |
| ၁၄ | ၉.၁၀.၁၅ | 7 Day Daily No (912) p (25) | Election | **ရွေးကောက်ပွဲ စောင့်ကြည့်မှုတွင် တားဆီးခံရမှုအချို့ ကြုံတွေ့ခဲ့ရကြောင်း PACE အဖွဲ့ ချက်ချင်းထုတ်ပြန်**<br>ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသော ပြည်တွင်းအဖွဲ့အစည်း PACE မှ လက်ခံရရှိထားသည့် အစီရင်ခံစာအရ မဲပေးမှုဖြစ်စဉ်တွင် မဲရုံများအတွင်း လူများပြားနေမှုကြောင့် စောင့် ကြည့်သူအချို့ မဲရုံထဲမှ ထွက်ခွာပေးရန် ဖိအားပေးခံရခြင်း၊ မဲပေးမှုမစတင်မီ မဲရုံအတွင်းသို့ ဝင်ရောက်ခွင့်မပြုခြင်းနှင့် စောင့်ကြည့်လေ့လာမှုမှတ်တမ်းများ အသုံးပြုခွင့်မရှိခြင်း စသည့်တားဆီးမှုများ |

| | | | | |
|---|---|---|---|---|
| | | | | ကြုံတွေ့ခဲ့ရကြောင်း မဲရုံပိတ်ချိန်တွင် ထုတ်ပြန်ခဲ့သည်။ PACE အဖွဲ့မှ စောင့်ကြည့်လေ့လာသူ နှစ်ထောင်ကို မြန်မာနိုင်ငံတစ်ဝန်း ပြည်နယ်နှင့် တိုင်းဒေသကြီး အားလုံးရှိ မဲရုံများကို စောင့်ကြည့်လေ့လာရန် ရွေးကောက်ပွဲတွင် နေရာချထားခဲ့ကြောင်း၊ ထို့ပြင်ကိုကိုးကျွန်းမြို့နယ်သို့ ခရီးသွားရောက်ခွင့် ကန့်သတ်ခံထားရသဖြင့် PACE အဖွဲ့အနေဖြင့် ကိုကိုးကျွန်းမြို့နယ် မဲရုံများသို့ စောင့်ကြည့်လေ့လာခွင့်မရကြောင်း နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီထုတ်ပြန်ချက်တွင် ပါရှိသည်။ ၂၀၁၅ ရွေးကောက်ပွဲကို ပြည်တွင်းလေ့လာစောင့်ကြည့်သူ ကိုးထောင်ကျော် နှင့် ပြည်ပလေ့လာစောင့်ကြည့်သူ တစ်ရာကျော်၊ စုစုပေါင်း တစ်သောင်းကျော် စောင့်ကြည့်ခဲ့ပြီး နိုင်ငံတကာ မီဒီယာမှ သတင်းသမား ၇၀၀ ကျော်ပါဝင်ထားသည်။ |
| ၁၅ | ၉.၁၁.၁၅ | The Messenger p (6) | Election | **ဇေကမ္ဘာဦးခင်ရွှေ ဒေါ်အောင်ဆန်းစုကြည်ကို မဲပေး**<br>၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်ခိုင်ဖြိုးပါတီမှ ကိုယ်စားလှယ်လောင်း ဇေကမ္ဘာဦးခင်ရွှေသည် NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို မဲပေးခဲ့ကြောင်း VOA သတင်းဌာနသို့ ပြောကြားထားသည်။ လက်ရှိတွင် ပြည်ခိုင်ဖြိုးပါတီနှင့် NLD ပါတီတို့မှ အစိုးရဖွဲ့နိုင်ရန် ကြိုးစားနေသော်လည်း ပါတီနှစ်ခုစလုံး အပြတ်နိုင်ရန် ခဲယဉ်းကြောင်း၊ NLD ပါတီအနေဖြင့် ၅၀ နှင့် ၆၀ ရာခိုင်နှုန်းကြားသာ အနိုင်ရရှိရန် ခန့်မှန်းထားကြောင်း ၎င်းကဆိုသည်။ ၂၀၁၅ ရွေးကောက်ပွဲအတွက် ကော့မှူးမြို့နယ်တွင် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြည်သူ့လွှတ်တော်နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်ထားပြီး၊ ဇေကမ္ဘာဦးခင်ရွှေမှ အမျိုးသားလွှတ်တော်နေရာတွင် ယှဉ်ပြိုင်ခြင်းဖြစ်သည်။<br>ဖူးပွင့်သူ |
| ၁၆ | ၈.၁၁.၁၅ | Daily Eleven Pg (3) | Election | **ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကြိုတင်မဲပေး**<br>ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ နိုဝင်ဘာ ၇ ရက်နေ့က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးအုပ်စု ကျေးရွာမဲရုံတွင် ကြိုတင်မဲပေးခဲ့သည်ဟု သိရသည်။ ယင်းမဲရုံတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် ဦးမောင်အေး၊ သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ဦးစိုးရှိန်နှင့် ၎င်းတို့၏ဇနီးများ၊ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ (ငြိမ်း) ၏ ကိုယ်ရေးအရာရှိတို့လည်း ပါဝင်သည်ဟု ဒုတိယဦးစီးမှူး ဦးမြတ်သူမျိုးက ပြောသည်။ ကြိုတင်မဲများကို မဲရုံသို့ ၎င်းတို့ကိုယ်တိုင် လာရောက်မဲပေးခြင်းမဟုတ်ဘဲ နေထိုင်သည့်အိမ်သို့ သွားရောက်ရယူရခြင်းဖြစ်သည်ဟု သိရသည်။<br>နေရိုင်း၊ ကျော်မျိုး |

| | | | | |
|---|---|---|---|---|
| ၁၇ | ၈.၁၁.၁၅ | Daily Eleven Pg (5) | Election | **သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းဝင်ပြိုင်မည့် ဘောလခဲမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၉) တွင် မဲပေးပိုင်ခွင့်ရှိသူ၏ ၁၃ ရာခိုင်နှုန်းကျော် ကြိုတင်မဲပေးထားကြောင်း သိရ**<br>ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ဝင်ရောက်ယှဉ်ပြိုင်မည့် ကယားပြည်နယ် ဘောလခဲမြို့နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၉) တွင် မဲပေးခွင့်ရှိသူ ၂၉၀၀ ကျော်သာရှိသည့် အနက် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းအထိ ကြိုတင်မဲပေးထားသူ ၄၀၀ ဦး (၁၃ ဒသမ ၇၉ ရာခိုင်နှုန်း) ရှိသည်ဟု သိရသည်။ မဲပေးပိုင်ခွင့်ရှိသူ ၆၇၀၀ ကျော်သာရှိသည့် ဘောလခဲမြို့နယ်တွင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၈) နှင့် အမှတ် (၉) အဖြစ်သတ်မှတ်ထားသည်။ မဲဆန္ဒနယ်အမှတ် (၉) တွင် ပွန်ချောင်းအရှေ့ဘက်ခြမ်းရှိ ရွာသစ်၊ မိုင်းထမ်း၊ ချိုကွဲ့၊ ဝမ်းချယ်၊ နန်းနောက်၊ စောင်းလော့၊ ရေနီပေါက်၊ ဝမ်ဗလ စသည့် ကျေးရွာအုပ်စုများ အပါအဝင် မဲပေးခွင့်ရှိသူ ၃၅၀ ကျော်ရှိသော အမှတ် (၁၀၀၅) နယ်ခြားစောင့်တပ်တို့ ပါဝင်သည်ဟုသိရသည်။ ဦးစိုးသိန်းအနေဖြင့် မဲဆွယ်ကာလမရောက်ခင်က ဘောလခဲမြို့နယ် ပညာရေးဝန်ထမ်းများ၊ တပ်မိသားစုများနှင့် ဒေသခံအချို့အား စကိုင်းနက်ရုပ်သံဖမ်းစက်နှင့် တစ်နစ်စာလိုင်းကြေး အခမဲ့ကြည့်ရှုခွင့်၊ ဘောလခဲမြို့နယ်ရှိ တက္ကသိုလ်ဝင်တန်းအောင်မြင်သူများအား ငွေကြေးပေးခြင်းနှင့် ဘောလုံးပွဲများ ကျင်းပပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်ဟု ဒေသခံများက ပြောဆိုနေကြသည်။<br>အောင်ဇော်ထွန်း |
| ၁၈ | ၈.၁၁.၁၅ | Daily Eleven Pg (7) | Election | **ရှမ်းပြည်နယ်ရှိမြို့အချို့တွင် ဖြန့်ဝေလျက်ရှိသည့် NCA လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်ပါတီကိုသာ မဲပေးကြရန် သဘောဆောင်သည့်စာမှာ အတုသာဖြစ်ဟု RCSS/ SSA ရှင်းလင်း**<br>ရှမ်းပြည်နယ်ရှိ မြို့နယ်အချို့တွင် ဖြန့်ဝေလျက်ရှိသည့် NCA လက်မှတ်ရေးထိုးခြင်းကို ထောက်ခံသည့်ပါတီကိုသာ မဲပေးကြရန်နှင့် SNLD ပါတီအား မဲမပေးရန် သဘောပါရှိသောစာများ ဖြန့်ဝေမှုများမှာ အတုသာဖြစ်ကြောင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် (RCSS/ SSA) ပြောခွင့်ရှိသူ ဗိုလ်မှူးကြီး စိုင်းလကပြောကြားသည်။ ပြန့်လွင့်နေသည့်စာသည် တရားမဝင်ဖြစ်နေသည့် ပုံစံကိုတွေ့ရသဖြင့် အဆိုပါစာသည် RCSS/ SSA မှ ဖြန့်ဝေသည့်စာမဟုတ်ကြောင်း၊ SNDP ကျားဖြူပါတီအား မဲပေးရန်တိုက်တွန်းသည့်ပုံစံဖြစ်နေပြီး ကျောက်မဲ၊ သီပေါ၊ လဲချားမြို့များတွင် ပျံ့နှံ့လျက်ရှိကာ ဖြန့်ဝေရာတွင်လည်း မဲဆွယ်စည်းရုံးခွင့်မရှိတော့သည့် နိုဝင်ဘာ ၇ ရက်တွင် မဲဆွယ်စည်းရုံးမှုဆန်ဆန်ဖြန့်ဝေမှုများ ပြုလုပ်နေကြောင်း SNLD ပြောခွင့်ရှိသူ ဦးစိုင်းလိတ်က ပြောကြားသည်။ |

| | | | | |
|---|---|---|---|---|
| ၁၉ | ၉.၁၁.၁၅ | The Messenger p (2) | USDP | **သမ္မတအထက် ဒေါ်စုရှိနေမည်ကို ပြည်ခိုင်ဖြိုး အသိအမှတ် မပြု**<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနိုင်ရပါက သမ္မတအထက်တွင် ဒေါ်အောင်ဆန်းစုကြည်ရှိနေမည်ဟု ပြောဆိုခြင်းကို ပြည်ခိုင်ဖြိုးပါတီအနေဖြင့် အသိအမှတ်ပြုမည် မဟုတ်ကြောင်း ပြည်ခိုင်ဖြိုးပါတီ ပူးတွဲဥက္ကဋ္ဌဦးဌေးဦးကဆိုသည်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စသည့်ပြည်ထောင်စုလွှတ်တော်တွင်ရှိသည့် ကိုယ်စားလှယ်များနှင့် သမ္မတကို ရွေးပေးမည်ဖြစ်ပြီး သမ္မတရွေးပြီးလျှင် အစိုးရဖွဲ့မယ်။ သမ္မတသည် နိုင်ငံ၏ အထွဋ်အထိပ် နိုင်ငံ၏အကြီးအကဲ၊ နိုင်ငံ့ခေါင်းဆောင်ဖြစ်သည့်အတွက် သမ္မတအထက်တွင်မည်သူမျှ မရှိသင့်ကြောင်းနှင့် အသိအမှတ်မပြုကြောင်း ပြောသည်။<br>မျိုးမင်းပိုင် |
| ၂၀ | ၈.၁၁.၁၅ | Daily Eleven Pg (17) | NLD | **သက်သေခံလက်မှတ် များပြားစွာ ပိုမိုထုတ်ပေးနေခြင်းမှာ ရွေးကောက်ပွဲရလဒ်ကို ဖြစ်စေနိုင်သဖြင့် အပိုမဲလက်မှတ်များ အနီးကပ်ဆုံးကိုယ်စားလှယ်များသို့ ပေးအပ်ရန် NLD ကြေညာချက်ထုတ်**<br>ရွေးကောက်ပွဲအတွက် သက်သေခံလက်မှတ်များ များပြားစွာ ပိုမိုထုတ်ပေးနေခြင်းမှာ ရွေးကောက်ပွဲရလဒ်ကို ဖြစ်စေနိုင်သဖြင့် ပြည်သူလူထုများမှ အပိုလက်မှတ်များအား အနီးကပ်ဆုံးကိုယ်စားလှယ်များသို့ ပေးအပ်ရန် NLD က နိုဝင်ဘာ ၇ ရက်နေ့က အရေးပေါ်ကြေညာချက် ထုတ်ပြန်လိုက်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် သက်သေခံလက်မှတ်အပိုများ ဖောင်းပွနေသည်ကိုတွေ့ရကြောင်း၊ ယင်းကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်တိုင်လည်း ဝန်ခံထားပြီးဖြစ်ကြောင်း၊ အဆိုးရွားဆုံးဖြစ်ရပ်မှာ မိသားစုတစ်ခုတည်းကို အပိုလက်မှတ် ၃၈ ခုအထိ ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ လက်မှတ်အပိုများစွာ ပိုမိုထုတ်ပေးခြင်းမှာ ရိုးဖြောင့်သောလုပ်ရပ်မဟုတ်ဟု သုံးသပ်ရကြောင်း၊ မသမာသော မဲဆန္ဒပေးမှုများ ဖြစ်ပေါ်စေနိုင်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။<br>ကျော်ဇင်ဝင်း |
| ၂၁ | ၈.၁၁.၁၅ | The Messenger Pg (3) | ၈၈၈ | **မဲမသမာမှုများကို ၈၈ မျိုးဆက်သို့ သတင်းပေးနိုင်**<br>အထွေထွေရွေးကောက်ပွဲနေ့၌ မဲသမာမှုများနှင့် ပတ်သက်၍ တွေ့ရှိပါက ၈၈ မျိုးဆက် (ငြိမ်း/ပွင့်) သို့ သတင်းပေးနိုင်ကြောင်း ၈၈ မျိုးဆက်မှသိရသည်။ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန်အတွက် နိုင်ငံတကာအသိုင်း အဝိုင်းနှင့် ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်နေကြသော်လည်း လက်တွေ့လုပ်ဆောင်မှုများ၏ အမှားအယွင်းများမှာ သံသယဖြစ်ဖွယ်ရှိသောကြောင့် အချက်အလက်အနေဖြင့် စုဆောင်းခြင်းဖြစ်ကြောင်း၊ မှတ် |

| | | | | |
|---|---|---|---|---|
| | | | | တမ်းအနေဖြင့်ထားရှိပြီး တစ်ချိန်ချိန်တွင် တရားစွဲဆိုနိုင်ရေး၊ ကန့်ကွက်နိုင်ရေးအတွက် စုဆောင်းထားသည့် သဘောဖြစ်ကြောင်း ကိုဂျင်မီက ဆိုသည်။ |
| ၂၂ | ၈.၁၁.၁၅ | 7 Day Daily No.911 Pg (27) | Other | **ပြည်ထဲရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီးကိုကိုအား ပြည်ပအဖွဲ့နှစ်ဖွဲ့က တရားစွဲဆိုရန် တိုက်တွန်း** <br> ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုအား နယူးယောက်နှင့် ဂျနီဗာအခြေစိုက် တရားမျှတမှုဆိုင်ရာ အဖွဲ့ကြီးနှစ်ဖွဲ့က လူသားမျိုးနွယ်အပေါ် အပြစ်ကျူးလွန်မှုတို့ဖြင့် ဖမ်းဆီးတရားစွဲဆိုရန် တိုက်တွန်းကြောင်း ကြေညာချက်တစ်စောင်အား နိုဝင်ဘာ ၅ ရက်နေ့က ပူးတွဲထုတ်ပြန်ခဲ့သည်။ ၂၀၀၅ မှ ၂၀၀၈ အတွင်း တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးဖြစ်သော လက်ရှိပြည်ထဲရေးဝန်ကြီးသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် တာဝန်ရှိကြောင်း ကြေညာချက်တွင်ပါရှိသည်။ ယခုကြေညာချက်မှာ ၂၀၁၄ တွင် ဟားဗတ်တက္ကသိုလ်၏ Inernational Human Rights Clinic က ထုတ်ပြန်ခဲ့သော အစီရင်ခံစာအပေါ် ထပ်ဆင့်လှုပ်ရှားမှုဖြစ်ပြီး နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များ၏ ထောက်ခံချက်နှင့် မြန်မာနိုင်ငံမှ အရပ်ဘက်လူမှုအဖွဲ့အစည်း ၅၀၀ ကျော်၏ အသနားခံလွှာတို့နှင့် ချိတ်ဆက်ထုတ်ပြန်လာခြင်းဖြစ်သည်။ |

**ONLINE NEWS**

**MILITARY**

**ကော်မရှင်အဆုံးဖြတ် လက်ခံရန် ကာချုပ်တိုက်တွန်း**

9.11.2015

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မှ ၁၉၉၀ ရွေးကောက်ပွဲ အပြီး အနိုင်ရ ပါတီ အား အာဏာ လွှဲ မပေး သည့် ဖြစ်ရပ်မျိုး ကဲ့သို့ သမိုင်းတကျော့ ပြန်မလည် စေရ ဟု ကတိပေးခဲ့ပါ သည် ။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်မည့် ရွေးကောက်ပွဲရလာဒ် ကြေညာချက်ကိုလိုက်နာကြရန် လိုသည်ဟုကာကွယ်ရေး ဦးစီးချုပ် က ပြောပါ သည်။ ထွက်ပေါ်လာမည့်ရွေးကောက်ပွဲ ရလာဒ်မှတဆင့်မြန်မာနိုင်ငံတွင်ခိုင်မာတောင့်တင်းသည့် ဒီမိုကရေစီစနစ်တစ်ရပ်တည်ဆောက်သွားနိုင်ရန်မျှော်လင့် သည် ဟု ရွေးကောက်ပွဲနေ ့နေပြည်တော် တွင် မဲပေး အပြီး သတင်း မီဒီယာအား ပြောကြား ခဲ့ခြင်း ဖြစ်သည်။

http://www.bbc.com/burmese/burma/2015/11/151109_army_chief_promise

## ELECTION

## ရွေး/ကော်က တရားဝင်ကြေငြာမှာ မဲရလဒ်အတည်ဖြစ်မည့် အကြောင်း ဦးတင်အေး သတိပေးပြောကြား

9.11.2015

UEC မှာ ၉ ရက်နေ့ နံက် ၉း၃၀ နာရီမှ ၁၀း၁၅ နာရီအထိ အာဆီယံ ရွေးကောက်ပွဲ စောင့်ကြည် လေ့လာသူများ နှင့် ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး တွေ့ဆုံ ဆွေးနွေး ပြီး သတင်းစာ ရှင်းလင်းပွဲတွင် ရွေးကောက်ပွဲ ရလဒ် နှင့် ပတ်သက်ပြီး ကော်မရှင်ကြေညာမှသာ အတည်ဖြစ်မည်ဆိုသည့် အကြောင်း ဦးတင်အေးမှ သတိပေးပြောကြား သွားသည် ။ ထွန်း (နေပြည်တော်)

News Watch Journal

https://www.facebook.com/NewsWatchJournal/

## မြန်မာ ပြည်သူများကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ချီးကျူးဂုဏ်ပြု

**9.11.2015**

**မိမိတို့၏ အခွင့်အရေးကို အမိအရဆုပ်ကိုင်ကာ မဲပေးခဲ့ကြခြင်းသည် မြန်မာပြည်သူတို့ ဆယ်စုနှစ်ပေါင်းများစွာ ပြသခဲ့သည့် သူရသတ္တိနှင့် စွန့်လတ်အနစ်နာခံမှုများ၏ သက်သေဖြစ်ပါသည်** ဟု ဂျွန် ကယ်ရီ၏ ထုတ်ပြန်ချက်တွင်ဖော်ပြ ထားသည်။ငြိမ်းချမ်းသော သမိုင်းဝင် ရွေးကောက်ပွဲ ဖြစ်မြောက်ရန် ပူးပေါင်းဆောင်ရွက်ကြသည့် မြန်မာပြည်သူများ နှင့် အဖွဲ့အစည်းများကို အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန် ကယ်ရီက ချီးကျူး ဂုဏ်ပြုပါကြောင်း ထုတ်ပြန်ပြောဆို လိုက်သည်။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ အဟန့် အတား များရှိနေခြင်း တို့ကို ထောက်ပြ ထားပြီး ပြည့်ဝသော ဒီမိုကရက်တစ် နှင့် အရပ်သား အစိုးရအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်နေသေးသည်ဟု ပြောဆိုထားသည်။ ရွေးကောက်ပွဲ ကျင်းပချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး သည် တောင်ကြီးမြို့ နှင့် မန္တလေးမြို့ တို့သို့ သွားရောက်ပြီး မဲပေးသည့် အခြေအနေများကို လေ့လာခဲ့သည်။

http://www.state.gov/secretary/remarks/2015/11/249297.htm

http://indianexpress.com/article/world/world-news/kerry-congratulates-people-of-myanmar-on-historic-election/

http://burma.irrawaddy.org/election/news

http://www.bbc.com/burmese/burma/2015/11/151109_kwrry_myanmar_election

## ရောဝတီတစ်တိုင်းလုံး ပြည်ခိုင်ဖြိုးပါတီရှုံး

9.11.2015

ရောဝတီတစ်တိုင်းလုံးတွင် ပြည်ခိုင်ဖြိုးပါတီ ပြိုင်ဘက်ဒီချုပ်ပါတီကို ရှုံးနိမ့်နိုင်ကြောင်း ပြည်ခိုင်ဖြိုးပါတီ ပူးတွဲဥက္ကဋ္ဌ ဦးဌေးဦး သတင်းထောက်များကို ယနေ့နံနက် ၁၁ နာရီခွဲဝန်းကျင်၌ ပြောကြားလိုက် သည်။ ဦးဌေးဦးမှ ပြည်ခိုင်ဖြိုး ပါတီကို အမာခံ ထောက်ခံမှုရှိသည် ဆိုသည့် ၎င်း၏ မဲဆန္ဒနယ် ဟင်္သာတတွင် ကိုယ်တိုင် ရှုံးနိမ့်သွားရခြင်း အပေါ် အံ့သြရကြောင်းလည်း ပြောခဲ့ပြီး ရှုံးရသည့် အကြောင်းအရင်းကို ပြန်လည်သုံးသပ်သွားမည်ဟု ပြောပါသည်။

**7Day News Journal**

http://mizzimaburmese.com/article/7210#sthash.vWyzXCUM.v7lm5opW.dpuf

http://mizzimaburmese.com/article/7210

## မဲရလဒ်များအား နှစ်ပတ်အတွင်းမှာ ကြေညာပေးသွားမည်

9.11.2015

မဲရလဒ်များအားကြေငြာ ရာတွင် အောက်ခြေမှ တက်လာသည့် စာရင်းများအား အမြန်ဆုံးကြေငြာပေးသွားမည်ဖြစ်ပြီး အလွန်ဆုံး နှစ်ပတ်အတွင်းကြေညာပေးသွားမှာ ဖြစ်သည်ဟု ကော်မရှင် အဖွဲ့ဝင်ဦးမြင့်နိုင်မှသ တင်းစာရှင်းလင်းပွဲတွင် ပြောပါ သည်။ ထို့ပြင် လွှတ်တော် ကိုယ်စားလှယ်လောင်းများ ရက်ပေါင်း ၃၀ အတွင်း ကုန်ကျစရိတ် တင်သွင်းရ မည် ဖြစ်ပြီး သတ်မှတ် ငွေကြေးထက်ပိုမိုသုံးစွဲခဲ့သော်အနိုင်ရသူအဖြစ်မှပယ်ချနိုင်ကာ၊ တင်သွင်းမှုမပြုလာသည့် ကိုယ်စား လှယ်လောင်းအား နောက်တစ်ကြိမ်ရွေးကောက်ပွဲ တွင် ကိုယ်စားလှယ်လောင်း အဖြစ် ဝင်ရောက်လျောက်ခွင့်မပြုဟု ထည့်သွင်းပြောကြားသွားသည်။ **Kumudra**

**MA BA THA**

**ဦးဝီရသူ** Facebook

**"ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပါ (၁)" ခေါင်းစဉ်ဖြင့် ဦးဝီရသူ** Facebook တွင်ယနေ့ ရေးထားသည်မှာ ယှဉ်ပြိုင်မှုတိုင်းမှာ အနိုင်အရှုံးဆိုတာ ရှိစမြဲပါ။ တရားမျှတတဲ့ အဖြေဆိုရင် အားလုံး ကျေနပ်ရမှာပါ။ ရာထူး အာဏာလိုလားလို့ ပြိုင်တာလား?ပြည်သူကို အလုပ်အကျွေးပြုဖို့ အရည်အချင်းစမ်းသပ်တာလား? ပြည်သူ အတွက်ဆိုရင် ပြည်သူ့အဆုံးအဖြတ်ကို ကျေကျေနပ်နပ် လက်ခံလိုက်ပါ။

ဝီရသူ (မစိုးရိမ်)

9.11.2015 PM- 4:15